# သတင်းထုတ်ပြန်ချက်

ဘဏ်များအပေါ် ပြည်သူလူထုယုံကြည်မှု ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ဘဏ်အချို့ကိုအရေးယူ ပိတ်သိမ်းမည်ဆိုသည့် သတင်းမှားများကို မသမာသူများက ထုတ်လွှင့်လျက်ရှိကြောင်း ကြားသိရပါသည်။

အဆိုပါ သတင်းမှားများကြောင့် ပြည်သူအချို့သည် စိုးရိမ်ပူပန်ပြီး ၊ ဘဏ်များမှ ငွေကြေးများကို လိုအပ်သည်ထက် ပိုမိုထုတ်ယူခြင်း ၊ ဘဏ်များသို့ အပ်နှံမည့် ငွေကြေးများကို ဆိုင်းငံ့ထားခြင်း စသည်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ကြားသိရပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များအားလုံး စနစ်တကျ လုပ်ငန်းများ ဆောင်ရွက်ရန် အနီးကပ်ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး ဘဏ်များအားလုံး သတ်မှတ်ချက်များနှင့်အညီ ခိုင်မာစွာ ဝန်ဆောင်မှုပေးလျက်ရှိကြပါသည်။

ပြည်သူလူထုအနေဖြင့် စိုးရိမ်ပူပန်မှုမရှိဘဲ ဘဏ်များအပေါ် စိတ်ချယုံကြည်စွာ ဘဏ်ဝန်ဆောင်မှုများကို ပုံမှန်ရယူသုံးစွဲနိုင်ကြပါကြောင်း ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

( ၇ - ၄ - ၂၀၂၁ )